

MOE MAHN

# MEMORY မိုးစက်များ

ချောအိမာန် (မန္တလေး)

# ရင်တွင်းစကား

ဆောင်းပါးရေးခြင်းဟာ ဝတ္ထုရေးခြင်းလက်ကို ပျက်စေတတ်သလား၊ ကျွန်မ တစ်ခါမှ မစဉ်းစားမိပါ။ ဆောင်းပါးတစ်ပုဒ် ရေးပြီးတိုင်း အရသာကောင်းတစ်ခုကို ထိတွေ့ခွင့်ရသလို ခံစားရပါတယ်။

ဘဝအိပ်မက်ကို ထုဆစ်ပုံဖော်ရင်း တွေးမြင်သိ ခံစားရတဲ့ ပုံရိပ်တွေဟာ ကိုယ်တိုင် ဖြတ်သန်း ချိန်မှာတော့အမှတ်တမဲ့လေးတွေလို့ စိတ်ထဲက တွေးထင်ခဲ့ပေမယ့် တချို့အကြောင်းအရာတွေကျ တော့ ကျွန်မရဲ့မှတ်ဉာဏ်ထဲမှာ စွဲကျန်နေရစ်တယ်။ အဲဒီ အကြောင်းအရာလေးတွေဟာ ဦးနှောက်အကန့်လေးတွေထဲကတစ်ဆင့် ကျွန်မရင်ထဲကို စကားလုံးတွေအဖြစ် စီးဆင်းလာခဲ့ပါတယ်။

ကျွန်မရင်ထဲက ပုံရိပ်တွေက Memories လား၊ Sketches လား၊ Profiles လား၊ Article လား ဆိုတာ ကိုယ်တိုင်တောင် ခွဲခြားမှန်းဆလို့ မရနိုင်ခဲ့ပါဘူး။ ဦးနှောက်ထဲက မှတ်ဉာဏ်အစိတ်အပိုင်းတွေ ကို ခံစားမှုနဲ့ပေါင်းစပ်ပြီး ဖြစ်ပေါ်လာတဲ့ မိုးစက်လေးတွေဟာ ဂျာနယ်စာမျက်နှာပေါ်မှာ ဟိုတစ်စက်ဒီ တစ်စက်. . .။

'Memory မိုးစက်များ' စာအုပ်ကို ဖန်တီးခွင့်ရဖို့ ရေးဖြစ်အောင် နေရာပေး ဖော်ပြခဲ့ကြသော ပေါ်ပြူလာဂျာနယ်၊ အလင်းတန်ဂျာနယ်၊ ရန်နံ့သစ်မဂ္ဂဇင်းနှင့် teen ဖူးငုံမဂ္ဂဇင်း အယ်ဒီတာများ၊ အမှာ စာချီးမြှင့်ပေးသော ဆရာနေဝင်းမြင့်နှင့် ဆရာဟိန်းလတ်တို့အား အထူးကျေးဇူးတင်ပါတယ်။

မိုးစက်လေးတွေကြောင့် လူတွေရဲ့ စိတ်အာရုံတွေ လန်းဆန်းသွားသလို၊ စာဖတ်ပရိသတ်ရဲ့ စိတ်ဝိညာဉ်တွေမှာ ပေးနိုင်ခဲ့မယ်ဆိုရင်ပဲ ‘မိုးမာန်စာပေ’ ရဲ့ တတိယမြောက် ‘Memory မိုးစက်များ’ စာအုပ်လေးကို ဖန်တီးရကျိုးနပ်ပြီလို့ ဆိုချင်ပါတယ်။

**ချောအိမာန်၊ မန္တလေး၊**

**၁-၈-၂၀၁၁**

*

# သူ၏ ကမ္ဘာ

သူမအတွက် မထင်မှတ်ဘဲ နေသာတဲ့တစ်နေ့က. . .

နေရာလေးတစ်နေရာကို ရောက်ရှိခဲ့ပါတယ်။ သူမ ဘာမှ မမျှော်လင့်ထားတာမို့ ထူးပြီး ခံစားမှု ကြိုမရှိခဲ့ပေမယ့် အဲဒီ အိမ်ရှေ့ ရပ်လိုက်တယ်ဆိုရင်ပဲ မြန်မာဆန်လွန်းတဲ့ သစ်သားအိမ် ခပ်ဟောင်းဟောင်း၊ အပင်ရှည်များက သစ်သားအိမ်ဟောင်းကို တစ်ဝက်လောက်ထိ ဖုံးလွှမ်းထား တယ်။ တံခါးနဲ့ အိမ်ကြားမှာ သစ်သားခင်းတံတားလေးကို ဖြတ်ကျော်ရင်း အိမ်လေးထဲရောက်တော့ ထိုင်စရာပက်လက်ကုလားထိုင်ကလွဲပြီး အခြားပရိဘောဂ ဘာအဆောင်အယောင်မှ မတွေ့ရဘူး။ တံခါးရဲ့အပြင်မှာ ဖိနပ်နဲ့ ရှိသမျှ အဆောင်အယောင်တို့ကို ချွတ်ခဲ့ရပြီး အိမ်လေးထဲကို လှမ်းဝင်လိုက် တယ်ဆိုရင်ပဲ ပထမဦးဆုံး ရရှိတဲ့ခံစားမှုက ဆေးနံ့၊ နောက်ပြီး ရယ်မေလွတ်လပ်နေသော တစ်စုံတစ် ဦး ၊ သူကိုယ်တိုင် ကြမ်းပြင်မှာ ထိုင်ရင်း. . . သူ စကားပြောဟန်၊ လေသံတို့က သူမအာရုံကို စိတ်ဝင် စားသွားစေခဲ့တယ်။ ဟန်ဆောင်မှုမရှိတဲ့ သူ့ထံကို လာသူများဟာ ဘာကောင်ညာကောင်မှ မဟုတ် တော့ဘဲ အမျိုးအစားက တစ်မျိုးတည်း ဖြစ်သွားရတယ်. . .။

အိမ်တံခါး ခပ်ရွဲ့ရွဲ့လေးကိုတောင် မချန်ဘဲ ဆေးခြစ်ရာတွေ တွေ့ရတယ်။ အိမ်ခန်းလေးထဲမှာ စာအုပ်များ၊ ဆေးဘူးများ၊ စုပ်တံများ၊ ဘောင်ကြက်ထားတဲ့ ကင်ဗတ်စ်တွေ၊ မပြီးသေးတဲ့ တစ်ဝက်တစ် ပျက် ပန်းချီကားများ. . .၊ တချို့ကားတွေကိုတော့ သူမ ဉာဏ်အရ နားမလည်နိုင်သေးဘူး။ ဒါပေမယ့် ထိုလက်ရာပန်းချီကားများကိုတော့ လူတိုင်း လိုချင်နှစ်သက်တယ်

ဆိုတာကိုတော့ သူမ သိတယ်။

သူမ မိတ်ဆွေများက ဟိုကားလိုချင်၊ ဒီကားလိုချင်နဲ့ "ဒီပန်းချီကား သိပ်ကောင်းတာပဲ" လို့ ပြောရင် ဘာမှမပြီးသေးဘူး။ ကြိုက်ရင်ယူသွားလို့ ရက်ရက်ရောရောပေးတယ်။ အမျိုးသမီး တစ်ယောက် ရဲ့ဟန်ကို ဆွဲထားတဲ့ပုံတွေကိုတော့ သူမခံစားနိုင်တယ်။ သူမမိတ်ဆွေက ပန်းချီကားကို အကာမရှိတဲ့ အခန်းအတွင်းထဲအထိ ဝင်ပြီး ရှာဖွေတယ်။ ခရမ်းရောင်ပြေပြေ ဦးဘသက် ပန်းချီကားကို တွေ့လို့ဝယ်လိုက်ပြီး ဆိုင်းထိုးပေးဖို့ပြောတော့ "ကိုယ့်ဘာသာထိုးလိုက်လည်း ရတာ ပဲ ဟေ့ ဟေ့. . . " ဆိုပြီး အနက်ရောင်စုတ်တံနဲ့ သူ ဆိုင်းထိုးပေးတယ်။ ရှေ့ကစားပွဲခုံပုလေးပေါ်မှာ လက်ဖက်ရည်တစ် ခွက် ရှိတယ်။ အေးပြီး အမြှေးတက်နေပြီဖြစ်တဲ့ လက်ဖက်ရည်ဟာ သူမတို့လာတော့ ပိုအေးစက်သွား တယ်။ ထိုသူက ပန်းချီအကြောင်းတွေကို အခန်းပြည့် ပြောနေရတယ်လေ. . .။ ဧည့်ဝတ်ကျေဖို့အတွက် သူမတို့ကို လက်ဖက်ရည် တိုက်ချင်တယ်။ လက်ဖက်ရည်တစ်ခွက်ထက် ပန်းချီကားတွေနဲ့ ထိုသူ့အပေါ်ကိုသာ အာရုံရောက်နေတယ်။ သူမ ထိုင်နေတဲ့နားမှာ ကက်ဆက်အို လေးတစ်လုံးရှိတယ်။ ဂန္တဝင်ဂီတတွေကို မိုးလင်းမိုးချုပ် နားထောင်တယ်လို့ သိရတယ်။ သီချင်း၊ ဂီတ တွေ နားထောင်ရင်းလွတ်လပ်စွာနဲ့ ပန်းချီတွေကို ဆွဲနေပုံရတယ်. . .။

လွန်ခဲ့တဲ့ ၂ နှစ်လောက်က လေဖြတ်သွားတာမို့ လက်နဲ့ခြေ လှုပ်ရှားမှုနည်းပြီး ကျန်းမာရေး အားနည်းခဲ့တယ်။ ဒါပေမဲ့ သူ့ရဲ့အပြုံးနဲ့ စကားသံတွေကတော့ အိမ်လေးထဲမှာ သွက်နေခဲ့တယ်။ မျက်စိတွေ ခွဲစိတ်ခံရပြီးမှ ကြည့်ကောင်းလာပြီး အရောင်တွေ သိပ်လှကြောင်း တခုတ်တရ ပြောဆိုတယ်။ ပန်းချီနားလည်သူများက အရောင်တောက်တောက်တွေ ပိုကြိုက်လာတယ်လို့ သုံးသပ် တယ်. . .။ အိမ်လေးထဲမှာ ပန်းချီပစ္စည်းများ၊ အခြားနှစ်သက်သော ပစ္စည်းအနည်းစုများနှင့် ပြည့်နှက်နေသလို ထိုသူ့ရင်ထဲမှာ ပြောစရာစကားများနဲ့ ပြည့်နှက်နေတယ်လို့ ထင်တယ်။ ဘာဖြစ်လို့လဲ. . .၊ လွတ်လပ်သူတစ်ယောက်ဟာ

လွတ်လပ်စွာနဲ့ သူ့အနုပညာတွေအကြောင်း အပြည့်အဝ ပြောနေခဲ့တာပဲ. . .။

“မြန်မာလူမျိုးတွေဟာ အလကားလိုချင်တာ များတယ်. . . အမှတ်တရသိမ်းထားချင်လို့ ပန်းချီ ကားတစ်ခုပေးပါပေါ့. . .နိုင်ငံခြားမှာ လူပုံတွေဆိုလိုချင်ကြသေးတယ်. . .မြန်မာတွေက ပုံဆို ကိုယ့်ပုံကို ပိုလိုချင်တယ်. . . မော်ဒန်ဆိုတာ ပြီးခဲ့တဲ့ Century က လူတွေ စလုပ်တာပါ. . . အဲဒီ ကနေ ပန်းချီဆွဲတာကို modern movement လို့ ခေါ်လိုက်တာပဲ ”

“ဦးဘသက်ကို သဘောကျတယ်. . . မွဲလည်းမွဲတယ်. . .စုတ်လည်းစုတ်တယ်။ မြန်မာပြည်မှာ အကောင်းဆုံးပေါ့. . . Artist ကိုး. . .၊ ဟား. . . သူဆွဲရင် ခက်တယ်”

“ဘယ်ဟာကိုမှ copy မလုပ်. . . မလုပ်တတ်တာ. . . လုပ်လည်းမလုပ်ဘူး”

“Dubliners မူရင်းဖတ်ရတာ သိပ်ကောင်းတယ်. . . ကမျူးကို ကြိုက်တယ်. . . ဟိုတစ် ယောက် (ယန်းပေါ်ဆတ်) ကို မဖတ်ဘူး”

“ကျူဗင်ဇင်ဆန်ဆန်မျိုး အရင်တုန်းက ဆွဲတယ်. . . အခု မလုပ်တာကို ဘာဖြစ်လို့လဲ မမေးနဲ့လေ. . . ဟုတ်တယ်လေ. . .မုန့်ဟင်းခါးရောင်းတဲ့ သူကို လက်သုပ် ဘာဖြစ်လို့မရောင်းတာလဲ မမေးနဲ့. . . မသိဘူးလေ. . . ခု မုန့်ဟင်းခါး ရောင်းနေတာပဲ မမေးနဲ့. . .”

“ကြိုက်တဲ့ကားယူသွား. . . ဟော့ ဟော့ .... ကုန်ပြီ.... ကုန်ပြီ”

ထိုအိမ်လေးမှ လွတ်လပ်စွာ ထွက်ပေါ်လာသောအသံများ ထိုသူကို တချို့က တစ္ဆေများနဲ့ နေထိုင်သူတဲ့....။

စိတ်၊ ဝိညာဉ်တွေ နှစ်ဆွဲထားတဲ့ ‘ကိုကော့ရှ်’ ကားက သူ၏ အကောင်းဆုံးလက်ရာတဲ့။ စန္ဒရားသံက ထိုသူနဲ့အတူ အမြဲရှိနေတတ်တယ်။

ခါးထောင်အင်္ကျီကော့ကော့နဲ့ ထိုင်နေတဲ့ ကချေ သည်ပုံတွေက လူပြောများတယ်။ Abstract ပန်းချီကောင်းပြီဆိုရင် ဘယ်သူမှ လိုက်မမီအောင် ကောင်းတယ်တဲ့။ လွတ်လပ် အေးချမ်းစွာ ပန်းချီဆွဲနေရတာ က သူ၏ ကမ္ဘာတစ်ခုလိုပင်...။

သူမမိတ်ဆွေက ဝယ်လိုက်သာ ပန်းချီကားအတွက် ကန်တော့ငွေကို သူ့ရဲ့ ဘီစကစ်ပုံးဟောင်း ထဲကို ထည့်လိုက်တယ်။ အဲဒီ ပုံးထဲက ငွေစက္ကူကိုလည်း စိတ်ဝင်စားတဲ့ပုံ မပေါ်။ ရယ်မောပျော်ရွှင်နေ သော သူ့အသွင်သဏ္ဍာန်ဟာ ထူးခြားနေတဲ့သူတစ်ယောက်လို ခံစားမိတယ်။

အသားဖြူဖြူ၊ ဥပမိရုပ်ကောင်းတဲ့သူဖြစ်သလို ငယ်စဉ်က အတော်ချောမှာပဲလို့ မှတ်ချက်ချမိ တယ်။ သူ့ရဲ့ အက်ဆေးတစ်ပုဒ်ပါတဲ့ သူမတို့မဂ္ဂဇင်းကို ပေးလိုက်တော့ “ဟာ ... စာရွက်ကောင်းတွေ အတော်ကုန်မှာပဲ” လို့ ပြောတယ်။

သူက အင်္ဂလိပ်ကပြားဆိုတာ သိရတော့ အံ့သြစရာ။ အဖေက မြန်မာပြည်ကို ရောက်လာတဲ့ အင်္ဂလိပ်၊ အင်္ဂလန်မှာနေတာ။ အမေကတော့ သာယာကုန်သူ။

အင်းလျားလမ်းမှာ ကြီးခဲ့သူ၊ တိုက်ခန်းတွေမှာ နေချင်သူ၊ ရုပ်ရှင်လုပ်ငန်းကိုလည်း ဝါသနာပါ သူ။ တီတီစီမှာ ၆ တန်းအထိတက်ပြီး ၇ တန်းကနေ ၁၀ တန်းအထိ ပြင်ဦးလွင်က စိန့်မိုက်ကယ် ကျောင်းမှာ၊ စစ်ကြီးပြီးမှ ကျောင်းစနေသတဲ့။ စစ်လည်း ပြေးဖူးတယ်။ ၁၀ တန်းအောင်တော့ ရန်ကင်း ၁၊ Main မှာ ၁ နှစ် ၂ နှစ်၊ ဘီအိုစီကျောင်းအသစ်ကြီးမှာလည်း ပျော်မွေ့ခဲ့ဖူးတယ်။ ၁၀ တန်းအောင်တော့ Archittect စဖွင့်တယ်။ ပန်းချီဝါသနာပါတော့ ဦးပေါ်ဦးသက်တို့နဲ့ဆုံတယ်။ မိတ်ဆွေတွေလည်း အများကြီး။ ကင်းဗတ်စ်မရှိလို့ သုံးထပ်သားပေါ်မှာအဝတ် အမာစတွေနဲ့ ရေးတယ်။ ပန်းချီကားတစ်ကား ရောင်းရငွေ တစ်ရာ၊ တစ်ရာ့နှစ်ဆယ်ဟာ အများဆုံးရတယ်။ သုံးရာ ဈေး မတင်ရဲဘူး။ မဝယ်မှာစိုးလို့။ ပန်းချီကားနဲ့ ပတ်သက်ရင် အကုန်လေ့လာတယ်။

မှတ်တယ်။ ဗန်ဂိုး၊ ဂေါဂင်၊ မနေးတို့ကို လေ့လာတယ်။ ပန်းချီရောင်းပြီး ထမင်းစားတယ်။ တကယ့်လွတ်လပ်မှုကို ခံ့မင် ပြီး မလုပ်ချင်တာကို မလုပ်ဘူး။ မပြောချင်တာကို မပြောဘူး။ မဆွဲချင်တာကို မဆွဲဘူး။ မနေချင်တဲ့ ဘဝပုံစံ မနေဘူး။ နေပုံ၊ ထိုင်ပုံ၊ လှုပ်ရှားပုံ၊ စကားပြောဟန်တွေက ဖြတ်သန်းခဲ့ရတဲ့ ရုပ်ပုံကားချပ်တွေ ကို ပိုပီပြင်ထင်ရှားစေတယ်။

ထိုသူရဲ့ ကမ္ဘာလေးမှာ မိုးဇက်နဲ့ ဘီသိုဗင် တေးသွားလေးလည်း ပျံ့လွင့်နေနိုင်တယ်။ ပန်းချီကားတစ်ကားကို လာမဝယ်ခင်ချိန်ထိ၊ တောင်းမယ့်သူ မရှိခင်ချိန်ထိ စိတ်တိုင်းကျ စိတ်ပါသ လောက် ပြင်ဆင်မယ်။ သတ်မှတ်ချက်တွေ ကင်းလွတ်တဲ့ ပန်းချီတွေကိုပဲ စိတ်ဝင်စားတယ်။ ပန်းချီ ကားမှာ ဘောင်တွေရှိပေမယ့် ပန်းချီရေးသူရဲ့စိတ်ကတော့ အကန့်အသတ် အချုပ်အချယ် မခံတတ်ဘူး။ အလွတ်လပ်ဆုံး လူသားတစ်ဦးအဖြစ် ကိုယ်စိတ်ထဲရှိတာကို ရေးချနေတဲ့အလုပ်ကသာ ပန်းချီအတွက် အရေးကြီးဆုံးလို့ ယူဆသူ. . .။ ဆက်ပြောမယ်ဆိုရင် အကြောင်းအရာတွေက အများ ကြီး။ ဒီသစ်သားအိမ်လေးထဲမှာ မီးလာရင် တေးသွားတစ်ခုကို နားဆင်ရင်း ကိုယ့်စိတ်ကိုယ်ပိုင်စွာ စုတ်ချက်တွေကို လွတ်လပ်စွာ ရေးဆွဲနေတဲ့ သူ့ရဲ့ကမ္ဘာဟာ ဘယ်လောက်ထိ အိပ်မက်တစ်ခုဆန်လဲ. . .။

တွေ့ချင်သူများက လာရောက်တွေ့ဆုံပြီး ခုလို နေထိုင်မှုပုံစံကပင် သူ့အတွက် ပျော်ရွှင်မှု ရနေသလိုပင်. . .။ ဒီနေရာမှာ လူတစ်ယောက်ရဲ့ နေထိုင်မှု Life Style ဟာ ဧည့်ခန်း၊ ဆိုဖာဆက်တီ၊ ခမ်းနားထည်ဝါခြင်း အပြည့်အစုံနဲ့ မဆိုင်ဘဲ. . . စိတ်တို့၏ အချုပ်အတည်း ကင်းမဲ့ရာ. . .။

လွတ်လပ်ခြင်းကို အပြည့်အဝ ခံစားမှုရရှိနိုင်ရာ. . .

စိတ်မွန်းကျပ်မှုတို့၏ လွတ်မြောက်ရာ. . .

သူ၏ ကမ္ဘာလေးမှာ. . .

ထိုသူကို ငြိမ်းချမ်းစွာ တွေ့ရတာ ကိုပင်. . .

သူမစိတ်ထဲ. . .

ကျေနပ်နှစ်သက်ခဲ့မိပါတော့တယ်. . .။

**ပန်းချီဆရာကြီး ဦးခင်မောင်ရင်အတွက် အမှတ်တရ. . .**

*

# စွဲမိခဲ့ဖူးသော အလွမ်းအက်ဆေး

အလွမ်းဆိုတာ လူတိုင်းရဲ့ ရင်ထဲကို တစ်ချိန်မဟုတ်တစ်ချိန် ခိုဝင်ခဲ့ဖူးကြပေလိမ့်မည်။ တချို့ က အလွမ်းကို ထုပ်ပိုး၊ တချို့က အလွမ်းကို ခြွေချ၊ တချို့က အလွမ်းကို တသသ။ ပုံစံမျိုးစုံဖြင့် အလွမ်းဝေဒနာကို လှစ်ပြခဲ့ကြဖူးလိမ့်မည်။ လွမ်းမိ လွမ်းလို့ လွမ်းအောင်နေလည်း မလွမ်းမိအောင် နေပါမည်လို့စကားအတိုင်း အလွမ်းမရှိသယောင်၊ မလွမ်းဟန်ဆောင်ကြသူများလည်း ရှိနိုင်ပါလိမ့်မည်။

ဘယ်လိုပဲဖြစ်ဖြစ် အလွမ်းဆိုတာ အရသာတစ်ခု၊ အလင်္ကာတစ်ခုစာတစ်ဖွဲ့၊ ပေတစ်ဖွဲ့ဖြင့် အလွမ်းဓာတ်ခံကောင်းသူတွေဟာ စာဖတ်သူတွေကို သိမ်းသွင်းနိုင်ခဲ့ကြတာပဲ မဟုတ်လား။

အက်ဆေးဆိုတာကို ငယ်စဉ်တုန်းက ကျက်မှတ်ခဲ့ရတဲ့ တို့ကျောင်း၊ မိုးရာသီမြင်ကွင်း၊ သီတင်းကျွတ်ပွဲတော်၊ ကျွန်မတို့ရွာကလေး စသည်ဖြင့် ကျောင်းအက်ဆေးတွေကို ရေးခဲ့ရဖူးတယ်။ အလွမ်းအက်ဆေးတော့ မပါ။

အက်ဆေးဆိုတဲ့ အကြောင်းအရာလေးကို သေချာမြည်းစမ်းခွင့် ရလာချိန်မှာ (တကယ်တော့) အက်ဆေးဆိုတာ အလွန်အင်မတန် သိမ်မွေ့နုနယ်နေပြီး ဓာတ်လမ်းတွေကို ချခင်းခြင်းမဟုတ်၊ မထိတထိ ရန်ထောင်ခြင်းလည်း မဟုတ်ဘဲ ပေးချင်တဲ့အကြောင်းအရာ နည်းနည်းလေးကိုပဲ ပတ်ဝန်းကျင် အတွေ့အမြင်များဖြင့် သိုင်းဝိုင်းကာ ဖွဲ့တတ်တဲ့ အနုပညာတစ်မျိုးလို့ ထင်မိတယ်။

အက်ဆေးတစ်ပုဒ်ကို ပြန်သတိရတော့ အက်ဆေးအရသာကို ထိထိမိမိပေးစွမ်းနိုင်တဲ့ အက်ဆေးဆရာကို သတိရမိတယ်။ အက်ဆေးတွေ ပလူပျံအောင်ခေတ်မစားခင်မှာပဲ အဲဒီ အက်ဆေး တစ်ပုဒ်ကို ရှားရှားပါးပါး ဖတ်မိတယ်။

ကြာခဲ့ပြီပေါ့. . .။ ဒါပေမဲ့ ခုဖတ် ခုနွေး ပြန်သတိရစရာအဖြစ် ပေါ်လာမိတယ်။ ဆရာက သူ့ရဲ့ရင်ထဲက အလွမ်းကို တဖွဲ့တနွဲ့ ဖွင့်ဟပြခဲ့တယ်။ တကယ်တော့ နွေရဲ့အလှနဲ့ အညာကို လွမ်းတတ်တဲ့ ဆရာဟာ အညာသားဖြစ်ရတာ ကို အင်မတန် ဂုဏ်ယူခဲ့ပုံ ရပါတယ်။ လူတွေအားလုံးဟာ နွေဆိုရင် ပူအိုက်လွန်းလို့ လွမ်းဖို့နေနေသာသာ ပြက္ခဒိန်စာရွက်တွေကို ကျော်ပစ်လို့ရရင်တောင် ကျော်ပစ်ချင်ခဲ့တယ်။ ဆရာကတော့ အညာသားဖြစ်လို့လား မသိ။

“ကျွန်တော်သည် နွေဆန်းလျှင် အညာကို လွမ်းတတ်လေသည်” လို့ အက်ဆေးကို နိဒါန်း သွယ်ခဲ့ပြီး

“အညာကို အလွမ်းဆုံးအချိန်ဟာ တပို့တွဲလဆန်းမှ တပို့တွဲလပြည့်ကျော်လောက်အထိ အချိန်ဖြစ်ပါသည်” လို့ လွမ်းတဲ့ အချိန်ကိုတောင် ကန့်သတ်လိုက်ပါသေးတယ်။

‘ဆောင်းကျွတ်လုပြီ၊ နွေရာသီလည်း မပီတတ်သေး၊ ဝိုးဝါးထွေးလျက်’ နေသော စပ်ကူးမတ်ကူး အချိန်မှာ အညာတစ်ခွင် မြင်နေတဲ့ မြင်ကွင်းတွေပေါ်မှာ ဆရာ တို့ထိလိုက်တဲ့ အက်ဆေးစာကြောင်း တွေဟာ လှပစွာ စီးဆင်းသွားပါတယ်။

ထိုအချိန်သည်

နွေနတ်သမီးက

မြူဇာပဝါပါးပါးကို

နေလှန်းချိန်၊

ကျေးငှက်ကိုယ်စားလှယ်

အဆင့်ဆင့်တို့၏

နှစ်ပတ်လည် ကွန်ဖရစ်

ဂီတမိခင် ဥသြငှက်ကို

ဒိုရေမီဖာ စ၍ သင်ပေးခါစ

ဆယ်ရက်က ထန်းရည်မူးပြီး

ပေါက်ပင်ပေါ်တွင်

ကျူးကျော်တဲဆောက်နေဆဲ

ထန်းဆော်လေက

ထန်းပင်များကြားတွင်

လျှောက်လည်ကာ

လေချွန်သံကို လိုက်ရှာနေချိန်

မြေပဲတောင့်က

မြေပဲကောက်သူတို့၏

လက်ညှိုညှိုများကို

ရှောင်တိမ်းကာ ယာခရိုးတွင် တူတူပုန်းလျက်

ရက္ခဗေဒ

ကလေးတို့ ဆီးသီးဂေချိန်

သဇင်ကွင်းက

ဖန်ခွက်ထဲမှ

နောက်ဆုံး နှင်းစက်ကို

အငမ်းမရမော့ဆဲ

ကျေးဖိုက ကျေးမ၏

မီးနေခန်းနားတွင် တရစ်သီသီ

နှစ်ပတ်လည်

လျှော့ပြိုင်ပွဲဝင်မည့်

ယောက်မက

ထမနဲအိုးတွင်

လော်တက်လေ့ကျင့်ခန်း ခင်းစ

အင်ကြင်းနီ အပျိုပေါက်က

နှုတ်ခမ်းဆိုးဆေး

မဆိုးတတ်ဆိုးတတ် ဆိုးလျက်

အပြင်ခန်းသို့ ထွက်သွားသော

နေလူပျိုသိုးသည်

အတွင်းခန်းသို့ဝင်ရန်

အီကွေတာ ခါးပန်းကို

ကျော်နေဆဲ

တစ်နှစ်လုံး အလေလိုက်နေသော

မာဃကြယ်သည်

အချစ်ဦး စန္ဒာကို

မျက်နှာငယ်လေးဖြင့် ပြန်ကပ်ချိန်

တမာပင်က

ဝတ်လစ်စတစ် ချွတ်ချလိုက်ပြီး

မလုံ့တလုံ့ ရွက်နုကို ခြုံနေဆဲ။

စသည်ဖြင့် ဆရာက နွေဆန်းလျှင်သည်လိုပင် အညာကို ကျွန်တော်လွမ်းတတ်ပါသည်ဟု ဆို ကာ သူ၏ အိမ်အလွမ်းဝေဒနာကို တမာနုချိန် အညာနွေဦးက နိမိတ်ပုံ၊ အညာရဲ့ ရှောင်မလွတ်တဲ့ တမာပင်တွေအကြောင်း၊ တမာအမျိုးအစား၊ ကျောင်းပြေးတာတောင် တမာတန်းကို ပြေးခဲ့ပုံ၊ တမာပင် မှရတဲ့ အလွန်အဖိုးတန်တဲ့ ဓာတုဗေဒကုန်ကြမ်းအကြောင်း၊ တမာရဲ့ရနံ့၊ ငှက်တွေအကြောင်း၊ တမာနဲ့ ပတ်သတ်ပြီး သူ့ ဘဝမှာဖြစ်ခဲ့တဲ့ ပုံ့ရိပ်မျိုးစုံကို ဆရာက လှလှပပ ရေးသားခဲ့တယ်။

ကျွန်မတို့တွေအားလုံး အညာမှာ ပေါများတဲ့ တမာပင်တွေကို မြင်ဖူးတိုင်း အမှုမဲ့အမှတ်မဲ့ပင် နေဖြစ်ပါလိမ့်မယ်။ ဆရာကတော့ အဲဒီ လိုမဟုတ်။ တမာဋီကာကို လှပစွာ ဆေးခြယ်ခဲ့ပါတယ်။ ဆရာ ရဲ့ ‘တမာနုချိန်စစ်တမ်း’ အက်ဆေးကို ဖတ်ရတော့ ကျွန်မ တမာတွေ ပေါများတဲ့ ရွာလေးတစ်ရွာ သွားတာသတိရလိုက်မိတယ်။ နွေဦးမှာ ထွက်တဲ့ တမာရွက်ဟာ အလှဆုံးဖြစ်တယ်လို့ ဆေးဖက်ဝင် ရွာလေးတစ်ရွာကို သွားတုန်းက တောင်သူတွေပြောတာကို ကြားဖူးတယ်။ ရွာစဉ်အဝင် လမ်းတစ် လျှောက် တမာပင်တန်းအောက်ကနေ နွားလှည်းနဲ့ သွားရတာ ကို မှတ်မိပါသေးတယ်။ တမာပန်းရနံ့ လေးဟာ ညဆို ပိုမွှေးတယ်ဆိုတာကို အဲ့ဒီရွာရောက်မှ သိခဲ့ရတယ်။

ထမင်းဖိတ်ကျွေးတဲ့အိမ်တိုင်း တမာရွက် စိမ်းစိမ်းနုနုလေးတွေက ငါးပိရည်နဲ့ အတူတွဲပါလျက်သား။ တမာက အကြောတကျတတ် တာမို့ အများကြီး မစားရဲဘူး။ အဲဒီ နေ့ညက ရုတ်တရက်သွားကိုက်လာတော့ အိမ်ရှင်က တမာရွက်တွေ ကို ရေနွေးပွက်ပွက်ဆူနဲ့ စိမ်ပြီးပလုတ်ကျင်းခိုင်းတယ်။ အဲဒီတစ်ခွက် ပလုတ်ကျင်းပြီးတာနဲ့ သွားနာတာ သိသိသာသာ ပျောက်သွားခဲ့တယ်။ ပါးစပ်ထဲ အခါးဓာတ်ကျန်အောင် ရေမသောက်ရပါ ဘူး။

နွေဦးလေးမို့လို့ ထင်ပါရဲ့ အညာရွာလေးက ပိုပြီးလှပနေတယ်။ အရွက်တို့က စိမ်းမြမြ၊ လေ တိုက်တိုင်းပါတဲ့ တမာရနံ့လေးကို မြို့ရောက်တော့လွမ်းနေမိတယ်။ တမာကို မကောင်းတဲ့ဘက်က အပြစ်ဆိုချင်သူများက ‘တမာလိုမခါးနဲ့ ပျားလိုချို’ ပြောကြပြီး ‘တမာရောယှက်၊ စိုက်ရောဖက်က၊ သရက်ပင်မင်း၊ သီးချိုကင်း၏ ’ လို့ ဆိုတတ်ကြပါတယ်။

ဒါကို ဆရာက တစ်ဖက်သတ်ကျတဲ့ နိဂုံးလို့ထင်ပြီး ‘အဆင်းမလှ၊ အရိပ်ကိုပေး၊ ရနံ့ရှိုင်းသော် လည်း၊ မွှေးမြမွှေးပါသည်။ အကြွေမြန်သော်လည်း ချက်ချင်း အနုထွက်၊ ခါးသည်ဟု ဆိုသော်လည်း ခံတွင်းမြိန်စေပါသည်’ လို့ပြန်လည်ချေပချင်ပုံ ရပါတယ်။

ချိုပြုံးဆိုတဲ့ ‘တမာတောမှာ ပျော်တယ်ဆိုတဲ့ မောင်ရေ. . .မောင်ရေ. . . ’ သီချင်းကိုလည်း ဆရာက ကြိုက်နှစ်သက်ခဲ့ပုံ ရပါတယ်။

‘တမာနုချိန်သည် ကျွန်တော့် နွေအလွမ်းဝေဒနာ၏ ရောဂါလက္ခဏာချက် ဖြစ်ပါသည်။ ကျွန်တော့် အိမ်လွမ်းဝေဒနာ၏ ပြဒါးတိုင်းလည်း ဖြစ်ပါသည်’လို့ နိဂုံးချုပ်ထားတဲ့ ‘တမာနုချိန်စစ်တမ်း’ အက်ဆေးဟာ ၁၉၈၉ ခုနှစ်က ဆရာ မြသန်းတင့် ရေးသားခဲ့တဲ့ ရှားရှားပါးပါး အက်ဆေးတစ်ပုဒ်လည်း ဖြစ်ပါတယ်။

လှပတဲ့ အရည်အသွေးများ စီးဆင်းနေတဲ့ အက်ဆေးတစ်ပုဒ်ကို

အရသာရှိစွာ ဖတ်ရှုံနဲ့ ဆရာရဲ့ရင်ထဲက အညာနွေရဲ့ တမာအလွမ်းကို
ဘယ်သူကမျှားမီအောင် လိုက်လွမ်း နိုင်ပါတော့မလဲ။

*

# အဆုံးမသတ်သော ဂုတ္တုပိုင်ရှင်သို့

ကျွန်မ တရားသူကြီးတော့ မဖြစ်ချင်ပါ။ သို့သော် တရားစွဲချင်ပါတယ်။ မကျေနပ်ပုဒ်မများကို တရားစွဲရကြေးဆိုရင်တော့ ကျွန်မတို့ဟာ စာရေးသူ ဘယ်လိုလုပ်ဖြစ်နိုင်ပါတော့မလဲ။ ဒါပေမယ့် အခုတော့ ဘက်မျှပါတယ်၊ ဘက်မလိုက်တတ်ပါဘူးဆိုပြီး အမြဲတမ်း စိန်ခေါ်လေ့ရှိတဲ့ သေမင်းကို ကျွန်မက ပုဒ်မကြီးကြီးတပ်ပြီး တရားစွဲဆိုချင်ပါတယ်။ အပြစ်တော့ မဆိုစေချင်ပါ။

လောကကြီးမှာ ဆိုးသွမ်းသူတွေ၊ နှမချင်းမစာနာသူတွေ၊ မိဘကို စော်ကားနေသူတွေ၊ အများစိတ်မချမ်းသာရသူတွေ၊ လောကကြီးအတွက် ဖွဲ့တစ်ဆုပ်လောက်တောင် ကောင်းကျိုး မပြုနိုင်ကြသူတွေ ရှိပါလျက်နဲ့ လောကအတွက် အကျိုးလိုလားသူ၊ စိတ်သဘောထားကောင်းသူ၊ အလုပ် လုပ်ချင်သူတွေကိုမှ ဘာဖြစ်လို့ အချိန်တွေပေးဖို့ နှမြောရသလဲ။ ဘာဖြစ်လို့ အချိန်တွေနည်းခဲ့ရသလဲ။

အကြောင်းအရာတွေကို တဖြည်းဖြည်း နောက်ဆုတ်ကြည့်တော့ ကျွန်မအိမ်နဲ့လည်း နီးတဲ့လမ်းကလေးကို မကြာခဏဖြတ်ရင်း စာရေးဆရာ နေထိုင်တဲ့သုံးထပ်တိုက်လေးထဲ အကြိမ် ပေါင်းများစွာ လှမ်းလှမ်းကြည့်မိတယ်။ စာရေးဆရာက ဧည့်ခန်းထဲက သူ့ထိုင်ခုံလေးမှာ ထိုင်ရင်း ဆီမပါတဲ့ ဟင်းလေးနဲ့ ထမင်းစားနေတာ ဖြစ်ဖြစ်၊ စာအုပ်တစ်အုပ်ကို ဖတ်နေတာဖြစ်ဖြစ် ဆရာ့ကို မြင်ရင် အဲဒီ တိုက်ထဲကို ဝင်သွားခဲ့လိုက်တာပဲ။

ဆရာက ကျွန်မလာတိုင်း ဖတ်လက်စစာအုပ်ကို ဘေးချပြီး တောက်လျှောက် စကားတွေ ပြောတော့တယ်။ ကျွန်မ ဆရာ့ကို

ကိုယ်ချင်းစာမိတယ်။ သူ့ရင်ထဲက ဂုတ္တုတွေဟာ ပါးစပ်က တစ်ပုဒ်ပြီး. . . တစ်ပုဒ် ထွက်ကျလာလေ့ရှိတယ်။ ခံစားချက်တွေ တသီကြီးနဲ့ပေါ့။

ဆရာရဲ့ ကျန်းမာရေးအရ ဂုတ္တုမရေးနိုင်ခဲ့တာ နှစ်ပေါင်းအတော်ကြာခဲ့ပြီပေါ့။ ဒါကိုသိတဲ့ ကျွန်မက ဆရာ့ဆီကို ခဏခဏသွားပြီး စာရေးဖို့ တိုက်တွန်းခဲ့တယ်။

“ မဂ္ဂဇင်းရဲ့ အထူးထုတ်မှာ ဆရာ့စာမူ ပါမှဖြစ်မယ်. . . ရေးဖြစ်အောင်ရေးပေးပါ ဆရာ. . .” ဆိုတော့ ကျွန်မကို ဆရာက ခပ်ပြုံးပြုံး ကြည့်ရင်း. . .

“ဆရာမရေ. . . ရေးချင်တာကတော့ အများကြီးပဲ. . ရေးချင်တဲ့အကြောင်းအရာတွေက လည်း အများကြီး. . . ကျန်းမာရေးကြောင့် မရေးနိုင်တာ. . . ဒါပေမဲ့ ဆရာမတို့ Icon အတွက် ရေးပေးပါ့မယ်. . . ကျွန်တော့်မှာအဆုံးမသတ်ရသေးတဲ့ ဂုတ္တုတစ်ပုဒ် ရှိတယ်. . . အဲဒီအပုဒ် လေးကို ပြင်ရေးပြီး ဆရာမကို ပေးမယ်. . . ‘အဆုံးမသတ်တဲ့ဂုတ္တု’ လို့ ခေါင်းစဉ်ပေးလိုက်ရင် ကောင်းမလား ဆရာမ. . .”

ဆရာက ပြောလာတော့ ကျွန်မ ခေါင်းညိတ်လိုက်တယ်။ ဘာပဲဖြစ်ဖြစ် ဆရာရေးပေးမယ် ဆိုတော့ ဝမ်းသာမိတယ်။ ဂုတ္တုဇာတ်ကျောရိုးကို ပြောပြပြီး သူ ဘယ်လိုရေးပေးမယ်၊ ကျွန်တော့်ဆီ က ဒီဂုတ္တု ရကိုရမယ်လို့ သဘောထားလိုက်တော့လို့ ဆရာက ပြောတယ်။

ဒီဂုတ္တုရဖို့၊ ဆရာ စိတ်ရှည်စွာ ရေးနိုင်ဖို့ ဆရာ့အိမ်ကို ရှစ်ခေါက်လောက်သွား၊ တယ်လီဖုန်း မကြာမကြာဆက်ပြီးမှ ဆရာ့စာမူကို ခဲခဲယဉ်းယဉ်းလေး ရရှိခဲ့တယ် ဆိုပါတော့. . .။ ဆရာကလည်း အားနာတတ်တော့ ကျွန်မ ခဏခဏ နားပူတာကိုလည်း အားနာပုံရပါတယ်။

“ဆရာမက အယ်ဒီတာ အရမ်းပီသတယ်. . . ကျွန်တော့်လို

မရေးနိုင်တဲ့သူကို ရအောင် ရေးခိုင်းနိုင်တယ်. . . ကျေးဇူးလည်းတင်ပါတယ်” လို့ ရယ်သွမ်းပြောတော့ အနီးက ဆရာ့အမျိုးသမီးက-

“ကောင်းတယ် ဆရာမရေ. . .ဒါမှ စာရေးနိုင်မှာ. . . နောက်က မီးထိုးပေးမယ်သူ ရှိမှလေ” လို့ အသံအေးအေးလေးနဲ့ သဘောကောင်းတဲ့ ဆရာ့ဇနီးက ဝင်ပြောတယ်။

‘အဆုံးမသတ်တဲ့ဂီတ’ ဟာ ဆရာ နောက်ဆုံးရေးခဲ့တဲ့ ဂီတတစ်ပုဒ်ဖြစ်သွားခဲ့ပြီပေါ့။ ဂီတ ထဲက စားသားတွေဟာ နည်းနည်းလေးပေမယ့် ဆရာပြောချင်တဲ့စကားတွေကို စာမျက်နှာပေါ် ရောက်အောင် တင်ပေးလိုက်နိုင်တာမို့ ဆရာရော ကျွန်မရော ကျေနပ်မိတယ်။ ဒီလောကကြီးဟာ ဆရာပြောချင်သလိုပါပဲ။

အရွက်တွေရဲ့ သင်္ကေတ တချို့က နေ့ရက်တွေကို ဖြတ်သန်းရိတ်သိမ်းသွားတယ်။ ဆရာနဲ့ စကားပြောဖြစ်တိုင်း ဆရာ့ရဲ့ အထင်ကရ ဂီတတစ်ပုဒ်ဖြစ်တဲ့ ‘မြန်မာပြည်မှာ လုပ်သည်’ ဂီတအ ကြောင်း အမြဲပြောဖြစ်တယ်။ ဆရာ့ဂီတထဲမှာ ‘မြန်မာပြည်မှာ လုပ်သည်’ နဲ့ ‘သာလိကာ’ ကို တော် တော်ကြိုက်တယ်။

‘မြန်မာပြည်မှာလုပ်သည်’ က ၇၁ ခုနှစ်က ရေးခဲ့တာ။ ကျွန်မတောင် မမွေးသေးဘူး။ ဒါပေမဲ့ ခုဖတ် ခုနွေးပြီး ခေတ်မီနေတာ အံ့သြစရာ။ အသုံးအနှုန်းတချို့ကို ယနေ့ခေတ်လူငယ်တွေ အလှမ်း ဝေးကောင်းဝေးနိုင်ပေမယ့် ဆရာပြောချင်တဲ့ Message နဲ့ စကာလုံး သုံးစွဲမှုတွေ ခေတ်မီနေတာ အတိအကျ။

“ဆရာမရေ. . . ဒီဂီတမှာ သက်မဲ့သုံးလိုက်တော့ ပိုအဆင်ပြေတာပေ့ါ. . .ပြောတဲ့စကား တွေက သက်မဲ့က ပြောနေတော့ အဓိပ္ပာယ်မရှိဘူးလို့ မပြောနိုင်ဘူးလေ. . .”

ဒီဂီတကို မဂ္ဂဇင်းတစ်စောင်က အကြိုက်ဆုံးဂီတတိုကဏ္ဍမှာ

ပြန်ဖော်ပြမှ ဖတ်မိတာ။ ကြိုက်လို့ ကျွန်မထုတ်မယ့် ဝတ္ထုတိုပေါင်းချုပ်အတွက် ယူမယ်ဆရာ. . ဆိုတော့ ဆရာက ကောင်း ပါပြီဆိုပြီး သူ့ရဲ့ စာအုပ်တွေ အများကြီးထုတ်ချင်သေးကြောင်း၊ အဆုံးမသတ်တဲ့ဝတ္ထုတွေ အများ ကြီးရှိကြောင်း မကြာခဏပြောပြလေ့ရှိတယ်။

“ဆရာမ မိုးမာန်စာအုပ်မှာ ကျွန်တော့်ဓာတ်ပုံလေးကို ဒီပုံလေး ထည့်ပေးပါ. . .ကျွန်တော်က လူကြီးဆန်ဆန် အရုပ်ကြီးလို နက်တိုင်ကြီးနဲ့ မကြိုက်ဘူး”

ဆရာပေးတဲ့ ဓာတ်ပုံကို ကြည့်လိုက်တော့ ပါတိတ်အကျႌနဲ့ နောက်ကပိတောက်ပင်ရှေ့ သကြၤန်မဏ္ဍပ်မှာ ရိုက်ထားသလို ဆရာ့ပုံက ပေါ့ပါးလတ်ဆတ်နေတယ်။

“ဟုတ်တာပေါ့ ဆရာ. . . ကိုယ်ပုံလေးကို ခုလို ဂရုတစိုက်ပေးတော့ ပုံပိုလှတာပေါ့. . .”

“ကျွန်တော်က မလှရင် မကြိုက်ဘူး” ဆိုပြီး ဟက်ဟက်ပက်ပက် ရယ်မောပါတယ်။

စာအုပ်မိတ်ဆက်ပွဲလုပ်ဖို့ ဖိတ်စာသွားပေးတော့ ကြိမ်ခုံလေးမှာ ထိုင်နေတဲ့ ဆရာက ဖိတ်စာလေးကို တဖြည်းဖြည်းထုတ်ကြည့်ရင်း ဆရာ့နာမည်၊ ဝတ္ထုခေါင်းစဉ်အမည်နဲ့ ဆရာမုတ်သုံ ရဲ့လက်ရာ ပန်းချီလေးကို ဖိတ်စာမှာတွေ့တော့. .

“ဟာ. . . ကောင်းမှကောင်း. . . အားကြီးကောင်း. . . လာခဲမယ့်” တဲ့။

တကယ်လည်း ပွဲကို တက်ခဲ့တယ်။ ဆရာ့ကျန်းမာရေးအတွက် စင်ကာပူနဲ့ မြန်မာပြည် အိမ်ဦးကြမ်းပြင်း ဖြစ်ခဲ့ရတဲ့ ကာလများစွာကို ဖြတ်သန်းရင်းအန်တုရင်းပေါ့။

ဆရာ စင်ကာပူက ပြန်လာပြီး မကြာခင်မှာ ဂတ္တုတစ်ပုဒ် ထပ်တောင်းတယ်။ အရင်ပါတာနဲ့ ဆို ၈လ ရှိပြီ။ ဆရာကလည်း ရေးပေးမယ်ဆိုလို့ အာမခံတုန်း Icon အုပ်ရေ ၁၀၀၀ ပြည့်နှစ်ကျရင် လည်း ရေးပေးမယ်လို့ ပြောခဲ့သေးတယ်။ ဆရာစိတ်ထဲမှာ ကျွန်မကို ဂတ္တုတွေ အများကြီးရေးပေး လိမ့်မယ်လို့ ထင်ပါတယ်။

ဆရာက ဒီတစ်ခေါက် စင်ကာပူသွားရင် မိတ်ဆွေတွေကို လက်ဆောင်ပေးဖို့ မိုးမာန် စာအုပ် ၁၀ အုပ် ဝယ်လိုက်ပါတယ်။

"ကော်မရှင် ပေးရမယ်နော်. . . " တဲ့။

ဆရာကော စာအုပ်တွေ ယူမှ ယူသွားနိုင်ရဲ့လားဆိုတာ ကျွန်မ မတွေးဖြစ်တော့။ ဆရာနဲ့ ဆရာ့တိုက်လေးထဲမှာ အေးအေးလူလူ စကားပြောခွင့်ရဖို့ ကျွန်မမျှော်လင့်မိတယ်။ ဆရာတိုက်တဲ့ မုန့်လက်ဆောင်း အေးအေးလေးကို သောက်ချင်သေးတယ်။ ဆရာက ကျွန်မကို အားပေးခဲ့တယ်။

မတ်ရဲ့ နွေလဟာ ခြောက်သွေ့စွာနဲ့ အပင်တွေပေါ်က ရွက်ခြောက်တွေက လမ်းပေါ်မှာ လေအဟုန့် လွင့်မျောဆဲ. . .

ဆရာရဲ့ 'အဆုံးမသတ်တဲ့ ဂတ္တုလို' ကျွန်မတို့ရင်ထဲမှာ 'မြန်မာပြည်မှာ လုပ်သည်' ဟာ ဘယ်သောအခါမှ အဆုံးမသတ်သွားမှာ မဟုတ်ပါဘူး. . .ဒါတော့ သေချာပါတယ်။

ချစ်ခင်လေးစားရသော ဆရာ 'မာန်မြင့်' အတွက် အမှတ်တရများစွာဖြင့် . . . ။

*